**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website: www.cnfhqr.org
Email: cnf.headquarters@gmail.com

# ချင်းအမျိုးသားတပ်ဦး၏ အဌမအကြိမ်မြောက် ပါတီညီလာခံ ထုတ်ပြန်ကြေညာချက်

၁။ ချင်းအမျိုးသားတပ်ဦး၏ အဌမအကြိမ်မြောက် ပါတီညီလာခံကို Victoria Base ၊ ချင်းလုံမြို့တွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂-၁၆) ရက်များတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ညီလာခံသို့ ပြည်တွင်းပြည်ပမှ ညီလာခံကိုယ်စားလှယ်များ၊ အထူးဧည့်သည့်တော်များနှင့် လေ့လာသူများ စုစုပေါင်း (၂၅၀) ဦး တက်ရောက်ခဲ့ပါသည်။

၂။ ညီလာခံတွင် ဗဟိုကော်မတီ၊ ဗဟိုစစ်ဌာနချုပ်၊ ဗဟိုတရားသူကြီးအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများ တင်သွင်းခြင်း၊ နိုင်ငံရေးနှင့် စစ်ရေးသုံးသပ်မှုစာတမ်းများ တင်သွင်းခြင်း၊ မူဝါဒနှင့် လုပ်ငန်းစီမံကိန်းများ ချမှတ်ခြင်း၊ ချင်းအမျိုးသားတပ်ဦး၏ အဌမအကြိမ်မြောက် ပါတီညီလာခံ သက်တမ်းအတွက် ဗဟိုကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ဗဟိုတရားသူကြီးအဖွဲ့ဝင်များ ရွေးကောက်တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၃။ ညီလာခံသည် ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်၊ မဟာဗျူဟာ၊ နည်းဗျူဟာ၊ ချင်းအမျိုးသားတည်ဆောက်ရေးဆိုင်ရာမူဝါဒ (Chin Nation-building Policy) နှင့် ချင်းအမျိုးသားတပ်ဦးတည်ဆောက်ရေးစီမံကိန်း (The Seven Programs) အပါအဝင် မူဝါဒနှင့် လုပ်ငန်းစီမံကိန်းများကို ဆွေးနွေးအတည်ပြုနိုင်ခဲ့ပါသည်။

၄။ ညီလာခံသည် ချင်းအမျိုးသားတပ်ဦး၏ အဌမအကြိမ်မြောက် ပါတီညီလာခံသက်တမ်းတွင် ဦးဆောင်မည့် ထိပ်ပိုင်းခေါင်းဆောင်များကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်ခဲ့ကြပါသည်။

| | | |
|---|---|---|
| (က) | Pu Zing Cung | - ဥက္ကဋ္ဌ |
| (ခ) | Pu Thang Ning Kee | - ဒုတိယ ဥက္ကဋ္ဌ (၁) |
| (ဂ) | Dr. Sui Khar | - ဒုတိယ ဥက္ကဋ္ဌ (၂) |
| (ဃ) | Pu Thang Yen | - ဒုတိယ ဥက္ကဋ္ဌ (၃) |
| (င) | Salai Thla Hei | - အထွေထွေအတွင်းရေးမှူး |
| (စ) | Salai Ram Kulh Cung | - လက်ထောက်အထွေထွေအတွင်းရေးမှူး (၁) |
| (ဆ) | Salai Htet Ni | - လက်ထောက်အထွေထွေအတွင်းရေးမှူး (၂) |
| (ဇ) | Pu Ral Hnin | - လက်ထောက်အထွေထွေအတွင်းရေးမှူး (၃) |

၅။ ချင်းအမျိုးသားတပ်ဦးသည် ချင်းလဲန်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၂၃) နှင့်အညီ ဖွဲ့စည်းထူထောင်ထားသည့် ချင်းလဲန်ကောင်စီ၊ ချင်းလဲန်လွှတ်တော်၊ ချင်းလဲန်အစိုးရအဖွဲ့၊ ချင်းလဲန်တရားလွှတ်တော်ချုပ်တို့ ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်သွားပါမည်။

၆။ ချင်းအမျိုးသားတပ်ဦးသည် ချင်းလဲန်တည်ဆောက်ရေးနှင့် ချင်းအမျိုးသားတည်ဆောက်ရေးကို "ချင်း" ဟူသည့် အမျိုးသားစုစည်းမှုဖြင့် တိုးမြှင့်ဖော်ဆောင်သွားပါမည်။

၇။ ချင်းအမျိုးသားတပ်ဦးသည် စစ်အာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ်မှန်သမျှ အပြီးသတ် တိုက်ဖျက်ချေမှုန်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း (၁) နှင့်အညီ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များနှင့် နွေဦးတော်လှန်ရေးအင်အားစုများနှင့်အတူ လက်တွဲ တိုက်ပွဲဝင်သွားပါမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်

ဆက်သွယ်ရန်

- Salai Htet Ni (+၉၁) ၆၉၀၉၇ ၅၁၇၂၁